# လူတစ်လုံးသူတစ်လုံးဖြစ်ရန်

နှင့်

# ကြီးပွားတိုးတက်စေမည့်

## အကြောင်းတရားများ

နန္ဒာမိုးကြယ်



ပန်းတော်ဝင်
2012

# စကားနိဒါန်း

ဤလောက ကမ္ဘာကြီးနှင့် ကြီးပွား တိုးတက်စေနိုင်သော လျှို့ဝှက်ချက်တွေ များ စွာရှိ၏။

သတိမမူက ဂူကို မမြင်နိုင်သော်ငြား သတိမူပါက မြူကိုပင် မြင်နိုင်သည် ဆိုသော စကားလည်း ရှိပါသည် ။

သတ္တလောက၌ အသိဉာဏ်အရှိဆုံးမှာ မိမိတို့ လူသားများ ပင် ဖြစ်၏။ လူသည် ကမ္ဘာဦးအစမှ နေ၍ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်တို့ ကို ကျော်လွှားဖြတ်သန်းခဲ့၏။ လောကကြီး၏ လျှို့ဝှက်ချက်များကို ရှာဖွေဖော်ထုတ်၍ စွမ်းအင်အမျိုးမျိုးကို အသုံးချနိုင်ခဲ့၏။ ကမ္ဘာကြီးဖွံ့ဖြိုးတိုးတက်ဖို့ ရာ နည်းပညာရပ်များ ဖြင့် ဖော်ဆောင်လာနိုင်ခဲ့ကြ၏။ ဒီအတွက် အပြောကျယ်လှသော ကမ္ဘာကြီးသည် အင်တာနက်ခေတ်ဝယ် ရွာကြီးတစ်ရွာ ဖြစ်သွားခဲ့ပေပြီ။

မိမိတို့ လူသားတစ်ဦးချင်းစီ၌ ကိုယ်ပိုင်စွမ်းရည်များ ရှိကြ၏။ ထိုစွမ်းရည်တို့ ကို စည်းကမ်းရှိရှိ၊ နည်းလမ်းသိသိဖြင့် ဖော်ထုတ် လုပ်ဆောင်နိုင်စွမ်း ရှိကြမည်ဆိုလျှင် အောင်မြင် တိုးတက် လိမ့်မည်မှာ မလွဲနိုင်သော အခြေခံ အကြောင်းတရား ဖြစ်ပါသည် ။

သို့ရာတွင် လောကကြီးက အတော်အတန် ကိစ္စရပ်များကို လျှို့ဝှက်ထားရင်း လူသားတို့ ကို အကဲစမ်းနေကြသည် ။ မသိသူ ကျော်သွားကြ၊

သိသူ ဖော်စားကြဟု ဟစ်ကြွေးနေသည် ။

မိမိတို့ အားလုံး လူတစ်လုံး သူတစ်လုံးဖြင့် လူတန်းစေ့ နေရကာ ကြီးပွားတိုးတက်လိုစိတ်များ ရှိနေကြသည် မှာ လည်း အမှန်ပင် ဖြစ်ပါသည် ။

သို့ရာတွင် အားမထုတ်ဘဲနေ၍ တော့ ဆန္ဒပြည့်လိမ့်မည် မဟုတ်။

အောင်မြင်မှုအပေါင်းအတွက် အားထုတ် ကြိုးပမ်းရင်းမှ ကြီးပွားတိုးတက်စေနိုင်သော အခြေခံအကြောင်းတရား လျှို့ဝှက်ချက်များကို ဖော်ထုတ်သိရှိမည်ဆိုပါက အဘယ်မှာ လျှင် ဆန္ဒ မပြည့်ဝဘဲ နေပါမည်နည်း။

ဒီအတွက် ဤစာအုပ်ကို ရေးသားဖြစ်ခြင်းပါပေ။

**အောင်မြင်တိုးတက်ကြပါစေ**

**နန္ဒာမိုးကြယ်**

# အခြေခံကျသော ရိုးသားခြင်း

လူတစ်ယောက် အောင်မြင်တိုးတက် ကြီးပွားခြင်း၌ ရိုးသားခြင်းသည် အခြေခံကျသော လက္ခဏာတစ်ရပ် ဖြစ်ပေသည် ။

ဤလူ့ရွာလောက၌ ရိုးသားခြင်းတည်းဟူသော ဂုဏ်ကို သိပြီး၊ ဘဝတစ်သက်တာ ကာလပတ်လုံး ရိုးဂုဏ်ဖြင့် နေထိုင်ရပ်တည်သွားကြသူများ စွာရှိပါသည် ။ အချို့မှာ မူ ရိုးသားဂုဏ်ကို လေးစားမြတ်နိုးကြပါ၏ ။ သိလည်း သိကြပါ၏။ သို့ဖြစ်သော်ငြား လက်တွေ့လိုက်နာခြင်း၊ ကျင့်သုံးနိုင်ခြင်းမရှိဘဲ လျစ်လျူရှုထားသလို ဖြစ်နေကြလေ၏။ သို့ရာတွင် ရိုးသားဖြောင့်မတ်သူများကိုမူ သဘောမကျသူ၊ မနှစ်သက်သူဟု မရှိကြပေ ။ အလုပ်ရှင်အဖို့ သူ၏ အလုပ်တာဝန်ကို ထမ်းဆောင်မည့်သူအား ရိုးသားစေချင်သည် မှာ ဓမ္မတာ ဖြစ်၏။ သူခိုးအား ရွှေတိုက်စိုးရာထူး ခန့်ထားပါက ငါးပါးမှောက်ပေမည်။

လုပ်ငန်းတစ်ခု အခွန့်မရှည်ခြင်း၊ အောင်မြင်သင့်သလောက် မအောင်မြင်ခြင်း၊ ပျက်စီးသွားရခြင်းတို့ ၌ အကြောင်းပြစရာ ပြစ်ချက်များ စွာရှိကောင်း ရှိနိုင်ပါသည် ။ သို့ရာတွင် ရိုးသားမှု ကင်းခြင်းကမူ အမှန်တကယ်ရှိနေပါလိမ့်မည်။ လုပ်ငန်းအား အကောင်အထည်ဖော်နေသူတို့ ရိုးသားမှုလက္ခဏာမရှိလျှင် မည်သို့သောအခါမျှ မအောင်မြင်နိုင်ပါ။ ဤ၌ ထူးခြားသောသူ အချို့လည်း ရှိကောင်း ရှိနိုင်ပါသည် ။

"ငါ့အဖို့ တော့ ဒီတစ်သက်မှာ အဝတ်ကောင်း၊ အစားကောင်းတွေ မဝတ်ရ မစားရရင် နေပါစေ။ ရာထူးဌစ္စာ ဂုဏ်ရှိန်ဂုဏ်ဝါတွေ ကင်းချင်ရင်လည်း ကင်းစမ်းပါစေ။ အို...ယုတ်စွအဆုံး ဆင်းရဲချင် ဆင်းရဲစမ်းပါစေတော့။ ငါ့ရဲ့ ရိုးသားခြင်းဂုဏ်၊ ရိုးဖြောင့်တဲ့ အကျင့် စတာတွေကို မဖောက်မပြန်ဘဲ နေထိုင်သွားတော့မယ်"

ထိုသို့သော ပုဂ္ဂိုလ်မျိုးကား ရှားတောင့်ရှားပါး ဖြစ်ပေသည် ။ ရှိကောင်းလည်း ရှိနိုင်ပေသည် ။ ဤလောက၌ ဂုဏ်အမျိုးမျိုးရှိကြ၏။ ရာထူးဂုဏ်၊ စည်းစိမ်ဂုဏ်တို့ ဆိုသည် မှာ ကြိုးစားလျှင် ကြိုးစားသလောက် မည်သူမဆို ရနိုင်ပေ၏။

သို့ရာတွင် ရိုးသားခြင်းဆိုသည့် ဂုဏ်ကိုမူကား ရိုးဖြောင့်စွာ ကျင့်ကြံကြိုးကုတ်သူမှ သာလျှင် ရနိုင်ပေ၏။ မည်၍ မည်မျှ ဌစ္စာစည်းစိမ် ဂုဏ်ရှိန်ဂုဏ်ဝါတို့ နှင့် ပြည့်စုံစေကာမူ ထိုဌစ္စာစည်းစိမ် ဂုဏ်ရှိန်ဂုဏ်ဝါတို့ သည် ရိုးသားမှုကို တည်ဆောက်အခြေခံ၍ ရလာခြင်းမဟုတ်ပါက လူအများ ၏ တန်ဖိုးထား လေးစားခြင်းကို ခံရလိမ့်မည် မဟုတ်ပေ။ ကဲ့ရဲ့ ရှုတ်ချခြင်းကိုပင် ခံရနိုင်ဖွယ်ရှိ၏။

ရိုးသားခြင်းဂုဏ်နှင့် ပြည့်စုံသူအား ကဲ့ရဲ့ ပြစ်တင် ရှုတ်ချမည့်သူဆို၍ တစ်ဦးတလေမျှပင် မရှိကြကုန်။ ဤကား ရိုးဂုဏ်၏ အနှစ်သာရပင် ဖြစ်ပေ၏။

တစ်ချိန်သော ကာလတစ်ခုက နိုင်ငံတကာ အဖွဲ့အစည်းတစ်ခုသည် ရိုးသားမှုနှင့် ပတ်သက်၍ စစ်တမ်းကောက်ယူခဲ့သည် ဟူ၏။

ကောက်ယူပုံ ကောက်ယူနည်းအား ကမ္ဘာ့နိုင်ငံအချို့၌ လူစည်ကားရာ နေရာများ ၌ ပိုက်ဆံအိတ်ကလေးများကို ချထားခဲ့၏။ အိတ်အတွင်း၌ ငွေကြေးအချို့နှင့် အိတ်ပိုင်ရှင်ကို ဆက်သွယ်ရန် လိပ်စာကတ်က

လေးများကို ထည့်ထားခဲ့သည် ဆို၏။ ထိုသို့ ပိုက်ဆံအိတ်ကလေးများ အရေအတွက်များ စွာ ချထားခဲ့သော်လည်း တစ်ဦးတလေမျှသာလျှင် ပိုက်ဆံအိတ်ကို ဖုန်းဆက် ပြန်ပေးကြသည် ဆို၏။ အများ အပြားမှာ မူ ပြန်မပေးကြ၊ ဆက်လည်း မဆက်သွယ်ကြပေ။ ထိုအချက်ကို ကြည့်ခြင်းအားဖြင့် ကမ္ဘာ့အရပ်ရပ်၌ လည်း ရိုးဖြောင့်သူမှာ နည်းပါးလှကြောင်း သုံးသပ်နိုင်ပေ၏။

ဤ၌ မိမိတို့ နိုင်ငံနှင့်ပတ်သက်၍ ဖြစ်ပွားခဲ့သည့် ဖြစ်ရပ်တစ်ခုကို တင်ပြလိုပါသည် ။

နိုင်ငံခြားသား (ကမ္ဘာလှည့်)တစ်ဦးသည် ရန်ကုန်မြို့သို့ ရောက်လာလှည့်ပတ်ရင်းမှ ပိုက်ဆံအိတ် ကျပျောက်ခဲ့သည် ။

ထိုပိုက်ဆံအိတ်အား မြန်မာလူငယ် ကလေးတစ်ယောက် ကောက်ရခဲ့သည် ။ သို့ရာတွင် ထိုလူငယ်ကလေးသည် ရိုးသားဖြောင့်မတ်စွာဖြင့် သက်ဆိုင်ရာမှ တစ်ဆင့် ပိုင်ရှင်အား ပြန်လည်အပ်နှံခဲ့၏။ ဤတွင် ကမ္ဘာလှည့် နိုင်ငံခြားသားသည် မယုံကြည်နိုင်လောက်အောင် အံ့အားတသင့် ဖြစ်သွားရပြီး-

"ကျုပ် နိုင်ငံတကာ နေရာအသီးသီးကို လှည့်လည်ခဲ့ဖူးတယ်။ ခုလို ရိုးသားတဲ့ နိုင်ငံသားကို မတွေ့ဖူးဘူး။ ကျုပ်တိုင်းပြည် ပြန်ရောက်တဲ့ အခါ မြန်မာတွေရဲ့ ရိုးသားမှုကို ပြန်ပြောရဦးမယ်"

ဟု ဆိုခဲ့၏။

ဤသည် မှာ မြန်မာနိုင်ငံသားတစ်ယောက်အဖို့ မိမိ၏ ရိုးသားဖြောင့်မတ်မှုဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်လိုက်ခြင်း မဟုတ်ပါလော။

မည်မျှ ဂုဏ်ယူဖွယ်ရာ ကောင်းလိုက်ပါသနည်း။

အဆိုပါဖြစ်ရပ်သည် ရိုးသားသူတိုင်းအတွက် ဂုဏ်ယူဝင့်ကြွား တန်ဖိုးထားအပ်သော စံပြနမူနာကောင်း တစ်ရပ်ဖြစ်ပေသည် ။

လူမျိုးတိုင်း၊ လူမျိုးတိုင်း ရိုးသားသူများကို လေးစားတန်ဖိုး ထားကြသည် ။

ရိုးသားမှုကို အခြေခံ၍ လူအပေါင်း၏ လေးစားယုံကြည်မှု ရဖို့ ရာ မဝေးတော့။ ရိုးသားမှုမှ ရရှိသော အောင်မြင်မှု၊ ကြီးပွားချမ်းသာမှုသည် အဖိုးအနဂ္ဃ ဖြတ်၍ မရ။ အလုပ်ခွင်ရှိရာ နေရာတိုင်း၊ ဌာနတိုင်း၌ ရိုးဖြောင့်မှုကို အခြေခံအုတ်မြစ်အဖြစ် တည်ဆောက်လုပ်ကိုင်ကြမည်ဆိုလျှင် တိုးတက်အောင်မြင်မှု ရရှိဖို့ က မြေကြီးလက်ခတ် မလွဲပင်။

ရိုးသားသူအတွက် နေရာမရခြင်းဟူ၍ မရှိ။

သူရောက်ရှိရာ နေရာပတ်ဝန်းကျင်၌ တက်လမ်းတွေက လက်တစ်ကမ်းမှာ ပင်။ ခရီးမဝေး...အနီးကလေး။

ရိုးသားမှုသည် အောင်မြင်ခြင်းအတွက် အခြေခံ ဖြစ်ပေ၏။

***